# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**

**(၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး ရှိတဲ့အနက် ၃၃၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၂၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမြင့်စိုး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၀-၁၁-၂၀၁၄ (တနင်္လာနေ့) ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့တွင် ခွင့်ပန်ကြားသူများရဲ့ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ဦးမြင့်စိုး အား ခွင့်ပန်ကြားခွင့်ပြု ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ခွင့်တိုင်ကြားသူများကတော့ ယခင်ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ၈၃ ဦး စုစုပေါင်း ၈၇ ဦးရှိပါတယ်ခင်ဗျား။ ယနေ့ခွင့်ပန်ကြားသူ ၈၃ ဦးမှာ-

(၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၅ ရက်၊

(၂) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၅ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၅ ရက်၊

(၄) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၅) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၅ ရက်၊

(၆) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၇) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၈) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၉) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၁၀) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၅ ရက်၊

(၁၁) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၁၂) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်၊

(၁၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၃ ရက်၊

(၁၄) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ထွန်း ခွင့် ၃ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းမောင် ခွင့် ၅ ရက်၊

(၁၇) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁ ရက်၊

(၁၈) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၁ ရက်၊

(၁၉) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁၂ ရက်၊

(၂၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၂၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၂၂) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၃ ရက်၊

(၂၃) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၂၄) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၂ ရက်၊

(၂၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၁ ရက်၊

(၂၆) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၂၇) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၂၈) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်၊

(၂၉) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၃၀) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၂ ရက်၊

(၃၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၁ ရက်၊

(၃၂) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၅ ရက်၊

(၃၃) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၃၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၃၅) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၃၆) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၃၇) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၃၈) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၃၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၄၀) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၄၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၅ ရက်၊

(၄၂) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၄၃) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို ခွင့် ၁ ရက်၊

(၄၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၄၅) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁၁ ရက်၊

(၄၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁၂ ရက်၊

(၄၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၄၈) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၄၉) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၅၀) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၅၁) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၅၂) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၅၃) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၅၄) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၅ ရက်၊

(၅၅) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၅ ရက်၊

(၅၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁ ရက်၊

(၅၇) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၅၈) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၂ ရက်၊

(၅၉) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခွင့် ၅ ရက်၊

**မူကြမ်း**

(၆၀) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၆၁) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၅ ရက်၊

(၆၂) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၁၂ ရက်၊

(၆၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၅ ရက်၊

(၆၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၆၅) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၂၁ ရက်၊

(၆၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁၀ ရက်၊

(၆၇) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၅ ရက်၊

(၆၈) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁၀ ရက်၊

(၆၉) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၃ ရက်၊

(၇၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းတင် ခွင့် ၂ ရက်၊

(၇၁) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၁ ရက်၊

(၇၂) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော် ခွင့် ၃ ရက်၊

(၇၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၃ ရက်၊

(၇၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၇၅) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၂၁ ရက်၊

(၇၆) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၉ ရက်၊

(၇၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၇၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၂ ရက်၊

(၇၉) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊

(၈၀) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၂ ရက်၊

(၈၁) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၅ ရက်၊

(၈၂) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၂ ရက်နှင့်

(၈၃) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ငွေး ခွင့် ၁၀ ရက် တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်တိုင်ကြားသူကတော့ ၈၃ ဦးရှိပြီး ယခင်တိုင်ကြားသူ ၄ ဦး စုစုပေါင်း ၈၇ ဦးရှိပါတယ်ခင်ဗျား။ ခွင့်ပြုပေးပါရန် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကမ်းရိုးတန်းဒေသများ၌ ကြုံတွေ့ရသော ရာသီဥတုဆိုးရွားမှု၊ လျှော့ဒဏ်၊ မီးဘေးဒဏ်များနှင့်ပတ်သက်၍ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ရေရှည်လုပ်ငန်းစီမံကိန်းအနေဖြင့် သီးသန့်ရန်ပုံငွေ ချန်လှပ်ထားမှုကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုဆုတောင်းပါတယ်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မက သီးသန့်

ရန်ပုံငွေအကြောင်းကို နည်းနည်းပြောပြပါမယ်။ သီးသန့်ရန်ပုံငွေဆိုတာ ကြိုတင်မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်တွေအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွက် မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဆိုတဲ့ သီးသန့်ရန်ပုံငွေ Definition ကို ဖော်ပြတာပါ။

ဒုတိယအချက်အနေနဲ့ပြောရမယ်ဆိုရင် ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ပထဝီအနေအထားအရ ဘင်္ဂလားပင်လယ်အော်နှင့် ဆက်နေတဲ့အတွက်ကြောင့်မို့လို့ နှစ်စဉ်ဖြစ်ပေါ်မယ့် ဆိုက်ကလုန်းမုန်တိုင်း ၁၂ လုံးရှိတယ်လို့ မိုးလေဝသနှင့် ဇလဗေဒဌာနက ကြော်ငြာတာ အားလုံး သိကြပြီးဖြစ်မှာပါ။ နောက်တစ်ချက်ကလည်း ကျွန်မတို့ ပထဝီအနေအထားအရ ဟိမဝန္တာကစပြီးတော့ စစ်ကိုင်း ပျက်ရွေ့ကြီး (Sagaing Fault) ပေါ်မှာ ဒီ ငလျင်ကြောကြီးပေါ်မှာရှိတယ်ဆိုတာ ဘူမိဗေဒဌာနတွေက အမြဲတမ်း ဖော်ပြနေတာ တွေ့ဖူးကြမှာပါ။ နောက် တတိယအချက်ကကျတော့ ကျွန်မတို့မှာ ပူတဲ့အခါမှာ အလွန်ပူ၊ မိုးရွာတဲ့အခါ အလွန် ပြင်းထန်တဲ့မိုးတွေရွာတဲ့အတွက်ကြောင့် ခြောက်သွေ့တဲ့ ရာသီမှာဆိုရင် မီးဘေးဒဏ်တွေ ခံရမယ်။ မိုးတွင်းမှာဆိုရင် ရေကြီးတဲ့ဒဏ်တွေ ခံရမှာပါ။ အဲ့ဒီတော့ ဒီလို အရေးကြီးတဲ့ကိစ္စ တွေဖြစ်ရင် သုံးဖို့အတွက်ကို ဒီ Reserve Fund ကို ထားတဲ့အတွက် ဘယ်လို ဆောင်ရွက်မလဲလို့ သိချင်လို့ မေးချင်တာပါ။ ဒါကြောင့်မို့လို့ မိုးသည်းထန်မှုကြောင့် တောင်ပြို၊ ကမ်းပြို၊ ရေကြီးရေလျှံမှုများ၊ မုန်တိုင်းအမျိုးမျိုးနှင့် ငလျင်၊ မီးဘေးဒဏ်များတွင် အရေးပေါ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး (Rescue and Resettlement Management) အတွက် အချိန်မီဆောင်ရွက်နိုင်ရေး ကြိုတင်၍ အရေးကြီးဆောင်ရွက်ထားရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကမ်းရိုးတန်းဒေသများ၌ ကြုံတွေ့ရသော ရာသီဥတုဆိုးရွားမှုနှင့် ငလျင်ဒဏ်၊ မီးဘေးဒဏ်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရေရှည်လုပ်ငန်းစီမံကိန်းအနေဖြင့် သီးသန့်ရန်ပုံငွေချန်လှပ်ထားမှုနှင့် ဒေသအသီးသီးနှင့် ဘေးဒဏ်အမျိုးမျိုးအတွက် မည်ကဲ့သို့တွက်ချက်ထား

ကြောင်း သိရှိလိုပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရဲ့ အပါအဝင်ကို မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးလိုတဲ့အတွက် သတ်မှတ်ချိန်ထက် အနည်းငယ်ကျော်လွန် ဖြေကြား ခွင့်ပြုဖို့တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရသစ် တာဝန်ယူပြီးချိန်နောက်ပိုင်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ ပြီးတော့မှ စပြီးတော့မှ ကျွန်တော်တို့ ကြိုတင်မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်များ ကျရောက်လာလို့ရှိရင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက် နိုင်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်တဲ့ အထူးကိစ္စရပ်များအတွက် သုံးစွဲနိုင်ရန် ပြည်ထောင်စုရဲ့အရအသုံးခန့်မှန်းခြေ ငွေစာရင်းမှာ သီးသန့်ရန်ပုံငွေကျပ် ၁၀၀ ဘီလီယံကို နှစ်စဉ် လျာထားခဲ့ပါတယ်။

သီးသန့်ရန်ပုံငွေနှင့်ပတ်သက်လို့လည်း ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေ ပုဒ်မ ၂၃ မှာ ထည့်သွင်းဖော်ပြထားပါတယ်။ ထည့်သွင်းဖော်ပြချက်ကိုလည်း အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နှစ်စဉ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ သဘာဝဘေးအန္တရာယ်များ ကျရောက်လာလို့ရှိရင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ် ၀၅၀၃

ကယ်ဆယ်ရေး၊ စောင့်ရှောက်ရေးနှင့် ပြန်လည်နေရာချထားရေးမှာ အခြေခံကယ်ဆယ်ရေးပစ္စည်းများအတွက် လိုအပ်တဲ့ရန်ပုံငွေကို နှစ်စဉ် ခွင့်ပြုခဲ့တာရှိပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာဆိုရင် အမှန်စာရင်းအရဆိုရင် ခွင့်ပြုငွေပေါင်းဟာ ကျပ်သန်းပေါင်း ၅၁၄.၇၄၆ သန်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ရှေ့ပြေးအမှန်စာရင်းအရဆိုရင် ခွင့်ပြုငွေဟာ ၂.၂၆၅ ဘီလီယံဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပြုပြင်ပြီး စာရင်းအရဆိုရင် ခွင့်ပြုငွေဟာ ၁.၅၁၄ ဘီလီယံဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ မူလခန့်မှန်းခြေအရဆိုရင် ၁.၈၅၅ ဘီလီယံဖြစ်ကြောင်း တင်ပြလိုပါတယ်။

နှစ်စဉ်ခွင့်ပြုတဲ့ ရန်ပုံငွေတွေ သုံးစွဲတဲ့နေရာမှာ ထောက်ပံ့မှုအတွက် သတ်မှတ်တွက်ချက်မှုအနေနဲ့ ဘေးသင့်လူကြီးတစ်ဦးကို တစ်ရက်လျှင် ဆန်နို့ဆီဗူး သုံးဗူး၊ ကလေးတစ်ဦးကို တစ်ရက်လျှင် ၁.၅ ဗူးနှုန်းနဲ့ သုံးရက်၊ ခုနစ်ရက်မှ တစ်လစာအထိကို ထိခိုက်တဲ့အခြေအနေအပေါ် မူတည်ပြီး ထောက်ပံ့ပေးခြင်း၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့မှုအနေနဲ့ သဘာဝဘေးကြောင့် လုံးဝပျက်စီးတဲ့ အိမ်များအတွက် အိမ်အမျိုးအစားပေါ် မူတည်ပြီး ၂၀၀၀၀ မှ ၅၀၀၀၀ အထိ ထောက်ပံ့ပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး ထောက်ပံ့ပေးခြင်းများအပြင် အချို့ အသင့်အတင့်ပျက်စီးတဲ့အိမ်များအတွက်လည်း ဆန်ဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်းလေးမျိုး ထောက်ပံ့ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဘေးသင့် ဘာသာရေးကျောင်းတစ်ကျောင်းလျှင် ၆၀၀၀၀ နှုန်းနဲ့ ဘေးသင့်သံဃာ၊ သီလရှင်များအတွက်လည်း သင်္ကန်း၊ ကိုယ်ရုံများ ထောက်ပံ့ပေးလျက်ရှိပြီး သေဆုံးမှုများရှိလို့ရှိရင် လူကြီးတစ်ဦးလျှင် တစ်သိန်းနှုန်းနဲ့ ကလေးတစ်ဦးလျှင် ၅၀၀၀၀ နှုန်း ထောက်ပံ့ပေးလျက်ရှိပါတယ်။

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ စာရင်းတွေအရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မီးဘေးက ၁၈၉ ကြိမ်၊ ရေဘေးက ၇၄ ကြိမ်၊ လေဘေးက ၃၈ ကြိမ်၊ မိုးကြိုးဘေးက ၄၁ ကြိမ်၊ ကမ်းပြိုဘေးက ၁၀ ကြိမ်၊ အခြားဘေး ၁၅ ကြိမ်၊ မြေပြိုဘေး နှစ်ကြိမ်ဖြစ်ပွားတဲ့အတွက် ထောက်ပံ့ပေးခဲ့တဲ့ ဆန်၊ ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သေဆုံးသူများအတွက် ထောက်ပံ့ငွေအပါအဝင် စုစုပေါင်း ကျပ် ၃၅၂.၁၆ သန်းကိုလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မီးဘေး ၁၇၇ ကြိမ်၊ ရေဘေး ၄၄ ကြိမ်၊ လေဘေး ၁၀၁ ကြိမ်၊ မိုးကြိုးဘေး ၄၄ ကြိမ်၊ ကမ်းပြိုဘေး ၂၈ ကြိမ်၊ အခြားဘေး ၃၄ ကြိမ်၊ မြေပြိုဘေး ငါးကြိမ်၊ ငလျင်ဘေး ၁၀ ကြိမ် ဖြစ်ပွားခဲ့တဲ့အတွက် ထောက်ပံ့မှုအနေနဲ့ ဆန်၊ ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သေဆုံးသူများအတွက် ထောက်ပံ့ကြေးအပါအဝင် စုစုပေါင်း ကျပ် ၆၆၁.၂၅ သန်းကိုလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မီးဘေး ၁၈၉ ကြိမ်၊ ရေဘေး ၄၉ ကြိမ်၊ လေဘေး ၅၅

ကြိမ်၊ မိုးကြိုးဘေး ၂၉ ကြိမ်၊ ကမ်းပြိုဘေး ၁၅ ကြိမ်၊ အခြားဘေး ၄၆ ကြိမ်၊ မြေပြိုဘေး သုံးကြိမ် ဖြစ်ပွားခဲ့တဲ့အတွက် ထောက်ပံ့မှုအနေနဲ့ ဆန်၊ ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းနှင့် သေဆုံးသူများအတွက် ထောက်ပံ့ကြေးအပါအဝင် စုစုပေါင်း ကျပ် ၆၀၇.၄၆ သန်းကိုလည်းကောင်း ကျခံသုံးစွဲခဲ့ပါတယ်။ ယခု ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဩဂုတ်လအထိမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ မီးဘေး ၆၂ ကြိမ်၊ ရေဘေး ၂၄ ကြိမ်၊ လေဘေး ၁၄၇ ကြိမ်၊ မိုးကြိုးဘေး ၂၂ ကြိမ်၊ ကမ်းပြိုဘေး ၁၄ ကြိမ် ဖြစ်ပွားခဲ့တဲ့အတွက် ဆန်၊ ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနဲ့ ဘေးအန္တရာယ်ပေါ် မူတည်ပြီးတော့မှ ကယ်ဆယ်ရေးပစ္စည်းနဲ့ သေဆုံးသူများအတွက် ထောက်ပံ့ကြေးအပါအဝင် စုစုပေါင်း ကျပ် ၆၄.၇၂၈ သန်း ကျခံသုံးစွဲခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး/ပြည်နယ်များမှာ ကြိုတင်မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်များဖြစ်တဲ့ ရာသီဥတုဆိုးရွားမှုနှင့် ငလျင်ဒဏ်၊ မီးဘေး၊ ရေဘေးနှင့် မုန်တိုင်းကျရောက်မှုများ ဖြစ်ပေါ်လာလို့ရှိရင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း များကို ဆက်စပ်ဆောင်ရွက်ရတဲ့ အခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက လိုအပ်တဲ့ ရန်ပုံငွေတွေကို ကျခံနိုင်ဖို့ ပြည်ထောင်စုအစိုးရရဲ့ခွင့်ပြုချက်နဲ့ သီးသန့်ရန်ပုံ ငွေကျပ် ၁၀၀ ဘီလီယံမှ သုံးစွဲလျက်ရှိပါတယ်။ သီးသန့်ရန်ပုံငွေမှ သဘာဝဘေးအန္တရာယ် ကျရောက် မှုများကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများအတွက် နှစ်အလိုက် ကျခံ သုံးစွဲတဲ့ ကုန်ကျငွေများကို တင်ပြရမယ်ဆိုရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်း သီးသန့် ရန်ပုံငွေသုံးစွဲမှုဟာ ၁၆.၁၇၃ ဘီလီယံရှိပြီးတော့ သဘာဝဘေးအတွက် သုံးစွဲမှုဟာ ၉.၂၆၆ ဘီလီယံ ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၅၇.၂၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ မှာ စုစုပေါင်း သီးသန့် ရန်ပုံငွေ သုံးစွဲမှုဟာ ၁၀၀ ဘီလီယံဖြစ်ပြီးတော့ သဘာဝဘေးအတွက်သုံးစွဲမှုဟာ ၉၀.၉၄၁ ဘီလီယံ ဖြစ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် ၉၀.၉၄ ရာခိုင်နှုန်းဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဩဂုတ်လအထိမှာ သီးသန့်ရန်ပုံငွေသုံးစွဲမှုဟာ ၇၈.၅၈၇ ဘီလီယံရှိနေပြီးတော့ သဘာဝဘေးအတွက် သုံးစွဲမှုဟာ ၆၁.၂၄၄ ဘီလီယံဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၇၇.၉၃ ရာခိုင်နှုန်း သုံးစွဲကြောင်း တင်ပြလိုပါတယ်။

သဘာဝဘေးအန္တရာယ်များအတွက် သီးသန့်ရန်ပုံငွေမှ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် သုံးစွဲနိုင်တဲ့အပြင် ပြည်ထောင်စုအစိုးရအနေနဲ့ နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးမှာ သဘာဝဘေး အန္တရာယ်များအတွက် လိုအပ်လာပါက ဖြည့်စွက်ရန်ပုံငွေတောင်းခံမှုကို ခွင့်ပြုဆောင်ရွက်ပေးနိုင်

ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့လည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁/၂၀၁၃)နဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံးက ၁၄-၅-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၅/၂၀၁၃)နဲ့ ဒုတိယသမ္မတဦးဆောင်တဲ့ အဖွဲ့ဝင် ၂၃ ဦးပါတဲ့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအောက်မှာ လုပ်ငန်းကော်မတီနှင့် ဆက်စပ်ကော်မတီ ၁၀ ခု ဖွဲ့စည်းပြီးတော့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများရဲ့ ဦးဆောင်မှုနဲ့ နိုင်ငံတော်ရဲ့ဒေသများမှာ နှစ်စဉ်ကြုံတွေ့ရတဲ့ ရာသီဥတုဆိုးဝါးမှု၊ ရေကြီးမှု၊ လေပြင်းမုန်တိုင်း၊ မီးဘေးဒဏ်များနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်ရဲ့နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းမှာ အဓိကတာဝန်ယူဆောင်ရွက်တဲ့ ဝန်ကြီးဌာနမှ လျာထားခြင်း၊ သီးသန့်ရန်ပုံငွေမှ သုံးစွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ ဥက္ကဋ္ဌကြီးရှင့်။ အပြန်အလှန်မေးခွန်း မေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးရှင့်။ ဘတ်ဂျက်စာရင်းအရ မှန်ကန်တယ်ဆိုရင် ဒီ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဒီဘတ်ဂျက်အရ Reserve Fund သိန်း ၁၀၀ ထားတယ်ဆိုတာကတော့ ဟုတ်ပါတယ်။ အဲ့ဒီတော့ သိန်း ၁၀၀ က အမြဲတမ်း သိန်း ၁၀၀ Reserve က ချန်နေရမှာ အမြဲတမ်းပြန်ပြန်ပြီးတော့ ဖြည့်တင်းပြီးတော့ သိန်း ၁၀၀ ကို ဖယ်ထားရတဲ့သဘောဖြစ်ပါတယ်။ ဒါပေမယ့် အခု ကျွန်မတို့ လောလောဆယ်ကြုံတွေ့နေရတဲ့ဟာကျတော့ နိုင်ငံတော်အစိုးရရဲ့ သတင်းဌာနတွေအရ နိုင်ငံတော် သမ္မတရဲ့ အရံအတားရန်ပုံငွေ (Reserve Fund) နဲ့ ဆောင်ရွက်တဲ့လုပ်ငန်းကြီးတွေ တစ်နည်း အားဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်ကြီးတွေ ရှိတာကို တွေ့ရပါတယ်။ အဲ့ဒီတော့ ဒီအရံအတားရန်ပုံငွေ (Reserve Fund) သည် အခု ဝန်ကြီးတင်ပြတဲ့ ဘတ်ဂျက်ထက် အမြောက်အမြားသုံးထားတာ တွေ့ရပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်လည်း

ဖြစ်တာ တွေ့ရပါတယ်။ နောက် ရုတ်တရက် အရေးတကြီးလိုအပ်တဲ့ သုံးစွဲမှုလည်း မဟုတ်တဲ့ အကြောင်း တွေ့ရပါတယ်။ နောက် ဥပဒေလုပ်ထုံးလုပ်နည်းနဲ့ မညီဘဲနဲ့ ဒီငွေလုံးငွေရင်း အသုံးစရိတ်တွေကို သုံးစွဲတာက သာမန်အသုံးစရိတ်အနေနဲ့ သာမန်ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ ဘတ်ဂျက်ထဲမှာ ထည့်သွင်းရေးဆွဲဖို့ အခွင့်အရေးရှိရဲ့သားနဲ့ ရုတ်တရက်၊ အရေးတကြီး သုံးစွဲဖို့မလိုဘဲ သုံးစွဲတာတွေက အတည်ပြုချက်မယူတဲ့သဘော ဖြစ်နေပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီတည်ဆောက်နေတဲ့ အစိုးရအနေနဲ့ မလျော်ကန်တဲ့လုပ်ရပ်ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနတွေက သိပါသလားဆိုတာကို မေးလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးပြု၍ ဖြေနိုင်ရင်ဖြေကြားပေးပါရန်။ ကျေးဇူး တင်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီ ရသုံးမှန်းခြေငွေစာရင်းလို့ခေါ်တဲ့ ဘတ်ဂျက်က နှစ်စဉ်ပေါ့ အစိုးရအဖွဲ့အနေနဲ့ သူရဲ့အခြေခံဥပဒေ သတ်မှတ်ချက်အရပေါ့လေ။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဘဏ္ဍာရေးအဆင့်ဆင့်ပေါ့။ ပြည်ထောင်စုဝန်ကြီးဌာနများမှာ ဘဏ္ဍာရေးဝန်ကြီးဌာန တာဝန်ယူစစ်ဆေးပြီးတော့မှ ဒီလျာထားငွေတွေကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုတယ်။ အတည်ပြုပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ လွှတ်တော်ကို တင်ပြတာ ဖြစ်ပါတယ်။ သမ္မတရုံးဘတ်ဂျက်ဖြစ်စေ၊ ဝန်ကြီးဌာနများရဲ့ဘတ်ဂျက်ဖြစ်စေ ဘတ်ဂျက်အားလုံးဟာ ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီးတော့မှ ဒီမှာ အကြေအလည်ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ လွှတ်တော်အနေနဲ့ အတည်ပြုတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ကတော့ ဒါ သူရဲ့ အခြေခံဥပဒေအရပဲ ကျွန်တော်တို့ တင်ပြတယ်။ အခြေခံဥပဒေအရပဲ လွှတ်တော်ကလည်း စိစစ်ခွင့်ပြုတာဖြစ်တဲ့အတွက် ဒီအတွက်ကိုတော့ သီးခြားဆွေးနွေးချင်တယ်ဆိုရင်တော့ သီးခြား ကျွန်တော် ဆွေးနွေးပေးပါ့မယ်။ ဒါလေး တင်ပြလိုပါတယ်။

**သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးနှင့်ဆက်စပ်သော သက်ဆိုင်ရာဌာနများအားလုံး ပူးပေါင်းညှိနှိုင်း၍ စီမံဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးမြတ်ခိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင်ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ မြန်မာပြည်သူ/ပြည်သားများအားလုံး ကူးစက်ရောဂါမဟုတ်သော

နာတာရှည်ရောဂါများကင်းဝေးပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာနေထိုင်နိုင်ရေးအတွက် ဖြစ်ပါတယ်။ ကျန်းမာခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ အလွန်ကျယ်ဝန်းပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေးအခြေအနေကို တိုင်းတာခြင်း၊ နှိုင်းယှဉ်ခြင်းများအတွက် ကျန်းမာရေးအညွှန်းကိန်းများ အသုံးပြုခဲ့ကြပါတယ်။ အညွှန်းကိန်းတစ်ခုဖြစ်တဲ့ လူတို့၏မျှော်မှန်းသက်တမ်း Life expectancy by WHO 2014 အရ မြန်မာအမျိုးသားများ ၆၆ နှစ်၊ အမျိုးသမီးများ ၇၀ နှစ်၊ ပျမ်းမျှ ၆၈ နှစ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများအလိုက်မှာ နံပါတ် ၁၃၇ ၌ ဖော်ပြခံရပါတယ်။ လူတို့ရဲ့ မျှော်မှန်းသက်တမ်းကို လွှမ်းမိုးသော အဓိကအချက်များတွင် ကူးစက်ရောဂါများ၊ ကူးစက်မဟုတ်သော နာတာရှည်ရောဂါများ နှင့် ကျန်းမာရေးစောင့်ရှောက်မှုများပါရှိရာ ယခုမေးခွန်းမှာ ကူးစက်မဟုတ်သော နာတာရှည်ရောဂါ များဆိုင်ရာမေးခွန်းဖြစ်ပါတယ်။ ယနေ့ ၂၁ ရာစုတွင် လူတိုင်းသည် စိတ်ဖိစီးမှုများစွာဖြင့် အလုပ်ချိန် များစွာအလုပ်လုပ်ကြရခြင်း၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော နေရာများတွင် အလုပ်လုပ်ကြရခြင်း၊ မော်တော်ယာဉ်များဖြင့် သွားလာနေရသဖြင့် လမ်းလျှောက်မှုနည်းပါးခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းပြုလုပ်ရန် အချိန်မပေးနိုင်ခြင်း၊ သန့်ရှင်းသော ပတ်ဝန်း ကျင်နှင့် နေထိုင်ရမှုမရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရမည်ကို အလေး မထားခြင်း၊ အသင့်စား အစားအစာများနှင့် လမ်းဘေးဆိုင်များတွင် အလွယ်တကူဝယ်ယူစားသုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အကြော်ခံဆီ၊ ပြန်ကြော်ဆီများ၊ ဆိုးဆေးများ၊ ဓါတုပစ္စည်းများ အသုံးပြုခြင်း၊ ကြပ်မတ်စစ်ဆေးမှုအားနည်းခြင်း၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်တွင် အချိန်ကြာ မြင့်စွာထိုင်ခြင်း၊ တီဗီ၊ အင်တာနက်အကြည့်များခြင်း၊ ညည့်နက်အချိန်မှ အိပ်ယာဝင်ခြင်း၊ လွဲမှားသော လူနေမှုအကျင့်များဖြစ်သည့် အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းများ ပြုလုပ် ခြင်း၊ ဘာသာတရားရိုသေကိုင်းရှိုင်းမှု လျော့နည်းလာခြင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့များရှူနေရခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးအလွဲသုံးစွဲခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန က ပညာပေးခြင်းအမျိုးမျိုးဆောင်ရွက်နေသော်လည်း ပြည်သူလူထုတစ်ရပ်လုံးက လွှမ်းခြုံမှုနည်းပါး ခြင်း လိုက်နာဆောင်ရွက်ရန် အားနည်းခြင်းများ တွေ့ရှိရပါတယ်။

ဆိုးကျိုးများအဖြစ် လူလတ်ပိုင်းအရွယ်များ အဝလွန်လာခြင်း၊ သွေးအတွင်းအဆီဓာတ်များခြင်း၊ နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါစသည့် ကူးစက်မဟုတ်သော နာတာရှည်ရောဂါ များ ပိုမိုဖြစ်ပွားလာပြီး နိုင်ငံတော်မှ ကျန်းမာရေးအသုံးစရိတ်များစွာ ကုန်ကျခံကုသပေးနေရခြင်း၊ သက်တမ်းမစေ့မီ သေဆုံးနေကြရသဖြင့် မိသားစုများ လူမှုဆိုးကျိုးများနှင့် ရင်ဆိုင်ရခြင်းစသည်တို့

ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ရေရှည်ကာလ၌ များစွာဆုံးရှုံးနစ်နာရမှုများ ကြုံတွေ့လာနိုင်ပါတယ်။ သို့ဖြစ်၍ ကူးစက်မဟုတ်သော နာတာရှည်ရောဂါများကင်းဝေးပြီး လူတိုင်းသက်တမ်းစေ့ အသက်ရှည်ကျန်းမာနေထိုင်နိုင်ရေးအတွက် (က) ရေရှည်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပညာရေး၊ ပြန်ကြားရေး၊ ပြည်ထဲရေး၊ အားကစား၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ မွေးမြူရေး ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ရှိ/မရှိ (ခ) အစီအစဉ်ရှိမည်ဆိုပါက မည်သို့ပူးပေါင်းဆောင်ရွက်ရန် စီမံထားရှိပါသနည်းအား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာဝင်းမြင့်(ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမြတ်ခိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တစ်ပါတည်းတင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ကူးစက်ရောဂါမဟုတ်သော နာတာရှည်ရောဂါများကင်းဝေးပြီးတော့ သက်တမ်းစေ့ အသက်ရှည်ကျန်းမာစွာ နေထိုင်ရေးအတွက် ရေရှည်အားဖြင့် ကျန်းမာရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့ မဟုတ်ဘဲနဲ့ ကျန်းမာရေးနှင့် ဆက်စပ်နေသော သက်ဆိုင်ရာဌာနများအားလုံး ညှိနှိုင်းပူးပေါင်းပြီးတော့ စီမံဆောင်ရွက်သွားတဲ့ အစီအစဉ်ရှိပါကြောင်း ဦးစွာဖြေကြားလိုပါတယ်။ ဆောင်ရွက်နေတဲ့ လုပ်ငန်းများနဲ့ ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ယခင်က ကူးစက်တတ်တဲ့ရောဂါများကို ဦးစားပေးနှိမ်နင်း တိုက်ဖျက်နေရတာကနေ ၂၀၀၀ ခုနှစ်ဝန်းကျင်မှာ မြန်မာနိုင်ငံအနေနဲ့ ကူးစက်ရောဂါမဟုတ်တဲ့ နာတာရှည်ရောဂါများနဲ့ ပတ်သက်ပြီးတော့ burden ဖြစ်လာတယ်။ Risk ရှိလာတယ်ဆိုတာကို သိလာတဲ့အတွက် ကျွန်တော်တို့ ၂၀၀၃-၂၀၀၄ မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ Step Survey လို့ခေါ်တဲ့

research တစ်ခုကို ရန်ကုန်တိုင်းဒေသကြီးမှာ မြို့ပေါ် ၁၀ မြို့နယ်နဲ့ ကျေးလက်ဒေသ ငါး စုစုပေါင်း ၁၅ မြို့နယ်မှာ ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီမှာ တွေ့ရှိချက်တွေအပေါ်မှာ အခြေခံပြီးတဲ့အခါမှာ ကျွန်တော်တို့ National Plan ခေါ်တဲ့ အမျိုးသားကျန်းမာရေးစီမံကိန်းတစ်ခု နာတာရှည်ရောဂါနဲ့ ပတ်သက်ပြီးတော့ စီမံကိန်းတစ်ခုရေးဆွဲဖို့အတွက်ကို ခုနကျွန်တော်ပြောခဲ့တဲ့ ကျန်းမာရေးဝန်ကြီးဌာနတင်မကဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်တဲ့ အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီးပွား/ကူးသန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန စသည်တို့အပြင် အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ ကျွန်တော်တို့ စီမံကိန်းများ ရေးဆွဲခဲ့ပါတယ်။

အဲ့ဒီစီမံကိန်းများမှာ အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် Strategic Plan ခေါ်တဲ့ နည်းဗျူဟာအနေနဲ့ ၁၀ ချက် Priority Action ခေါ်တဲ့ ဦးစားပေးနေရာ လေးခု ကျွန်တော်တို့ သတ်မှတ်ဆောင်ရွက်ပါတယ်။ ပထမတစ်ခုကတော့ အမျိုးသားမူဝါဒစီမံကိန်းရေးဆွဲဖို့ဆိုတာ ကျွန်တော်တို့ draft အနေနဲ့ စတင်ထွက်ပြီဖြစ်ပါတယ်။ ဒါကိုကျွန်တော်တို့ အားလုံးညှိနှိုင်းပြီးတဲ့ အခါမှာ နောက်ဆုံး Final Plan တစ်ခုထွက်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဓိက ဗိုလ်မှူးကြီးမေးထားတဲ့ High Level National Multi Sectoral Mechanism ပေါ့ ကျွန်တော်တို့ ဒီအဆင့်မြင့် Level မှာ ကျန်းမာရေး ဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ဝန်ကြီးဌာနများနဲ့ NGO များမှာပါပြီးတော့ စီမံကိန်းလုပ်တာက နေစပြီးတော့ Implementation လုပ်တဲ့ လုပ်ငန်းဆောင်ရွက်မှု ကြီးကြပ်မှုတွေမှာ အားလုံးပါဝင်ဖို့အတွက် Mechanism တစ်ခု ကျွန်တော်တို့ ထူထောင်ဖို့ရှိပါတယ်။ နောက်တစ်ခုက တတိယဦးစားပေးကတော့ ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းသည် နည်းပညာသည် cost Effective ဖြစ်ဖို့ပါ အဓိကတော့ ငွေကြေးကုန်ကျမှုနည်းနည်းနဲ့ အကျိုးသက်ရောက်မှု များများရှိမယ့်လုပ်ငန်းတွေကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ စတုတ္တကတော့ ကျွန်တော်တို့အနေနဲ့ ပြည်သူလူထုရဲ့ ကုသမှု အရည်အသွေး မြှင့်တင်ရေးအတွက် ကုသဆောင်ရွက်ပေးမယ့် လူတွေရဲ့အဆင့်အတန်း Strengthen Capacity အရည်အသွေးတက်ဖို့အတွက် လုပ်ငန်းတွေဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ထည့်သွင်းစဉ်းစားတာကတော့ ကျေးလက်ဒေသလွှမ်းခြုံမှုကောင်းစေရေးအတွက် ကျေးလက်ဒေသမှာ ဆောင်ရွက်နိုင်တဲ့ ပဏာမကျန်းမာရေးစောင့်ရှောက်မှုဟာ Package of essential non communicable disease interventions ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ အဓိကအားဖြင့်တော့ ကာကွယ်ဖို့လုပ်ငန်းတွေ၊ ကုသဖို့လုပ်ငန်းတွေနဲ့ counseling ခေါ်တဲ့ နှစ်သိမ့်

ဆွေးနွေးပညာပေးလုပ်ငန်းတွေ ပါဝင်တဲ့ PEN ဆိုတဲ့ strategy ကိုလည်း ကျွန်တော်တို့ သုံးစွဲနေပါတယ်။ ကူးစက်မဟုတ်တဲ့ နာတာရှည်ရောဂါများနဲ့ ကင်းဝေးပြီးတော့ သက်တမ်းစေ့အသက်ရှည်စွာနေထိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ခုနတင်ပြခဲ့တဲ့ နှီးနွှယ်ဝန်ကြီးဌာနများနှင့် အစိုးရ မဟုတ်သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ အစည်းအဝေးတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ၊ သုတေသနလုပ်ငန်းတွေ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ပညာပေးဇာတ်လမ်းတိုတွေ၊ စကားဝိုင်းတွေကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားများမှာ ထည့်သွင်းပြသ၊ ပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ရှေ့ဆက်ရေရှည်လုပ်ငန်းများအနေနဲ့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များ ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့်စပ်လျဉ်းသည့် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ပပိုင်ဆိုင်မှုများ ထိန်းချုပ်ရေးရုံး၏ ပိတ်ဆို့ကန့်သတ်ခံရသူများစာရင်းတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်မှစ၍ ထည့်သွင်းလိုက်ကြောင်း ထုတ်ပြန်ချက်သည် မှန်ကန်မှုတမှုမရှိဘဲ ဦးအောင်သောင်း၏ အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ ထောက်ခံအားပေးမှုပြုထားသည့် သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများကိုသော်လည်းကောင်း ဂုဏ်သိက္ခာနှင့် လေးစားယုံကြည်မှုကို ထိခိုက်စေသည့်အတွက် ကန့်ကွက်ပေးပါရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသည့် မဟုတ်မမှန် သတင်းပေးသူများနှင့် သတင်းပေးမှုများကိုလည်း ရှုတ်ချပေးပါရန် ပြည်သူ့လွှတ်တော်သို့ တိုက်တွန်းအပ်ပါကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်က ဥက္ကဋ္ဌ မိမိထံ စာရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုမှာ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် စပ်လျဉ်းသည့် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ပပိုင်ဆိုင်မှုများထိန်းချုပ်ရေးရုံး၏ ပိတ်ဆို့ကန့်သတ်ချက်ခံရသူများစာရင်းတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ လ ၃၁ ရက်နေ့မှစ၍ ထည့်သွင်း

လိုက်ကြောင်း ထုတ်ပြန်ချက်သည် မှန်ကန်မျှတမှုမရှိဘဲ ဦးအောင်သောင်း၏ အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ ထောက်ခံအားပေးမှုပြုထားသည့် သက်ဆိုင်ရာမဲဆန္ဒရှင် ပြည်သူများကိုသော်လည်းကောင်း ဂုဏ်သိက္ခာနှင့်လေးစားယုံကြည်မှုကို ထိခိုက်စေသည့်အတွက် ကန့်ကွက်ပေးပါရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေမည့် မဟုတ်မမှန်သတင်းပေးသူများနှင့် သတင်းပေးမှုများကိုလည်း ရှုတ်ချပေးပါရန် ပြည်သူ့လွှတ်တော်သို့ တိုက်တွန်းအပ်ပါကြောင်းအဆို ဖြစ်ပါတယ်။ ၎င်းအဆိုကိုတင်သွင်းဖို့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းအားဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနမှ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သောင်းအား တားမြစ်ပိတ်ဆို့မည့်စာရင်း ထည့်သွင်းလိုက်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီကြေညာချက်မှာ ဦးအောင်သောင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း၊ လက်ရှိ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို နှောင့်နှေးအောင် ဟန့်တားသူဖြစ်ကြောင်း၊ လူထုအတွင်း အကျင့်ပျက်ခြစားမှုတွင် ပါဝင်ပတ်သက်နေကြောင်း စွပ်စွဲဖော်ပြထားပါတယ်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန (OFAC) Office of Foreign Access Control မှ ညွှန်ကြားရေးမှူးဖြစ်သူ Adam J.Szubin မှ အမေရိကန်အနေဖြင့် မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုကို ထောက်ပံ့ကူညီနေကြောင်း၊ တစ်ချိန်တည်းမှာ နှောင့်ယှက်ဟန့်တားသူများကိုလည်း ပစ်မှတ်ထားစောင့်ကြည့်နေကြောင်း၊ ဦးအောင်သောင်းသည် မြန်မာနိုင်ငံရဲ့ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ဟန့်တားရန် ကြိုးစားနေကြောင်း၊ ဒီမိုကရေစီအတိုက်အခံများကိုလည်း ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံခဲ့မှုတွင် ပါဝင်

ပတ်သက်မှုရှိကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် အဲ့ဒီလို အမေရိကန်ရဲ့တားမြစ်ထိန်းချုပ်မည့် စာရင်း တင်သွင်းထိန်းချုပ်လိုက်ခြင်းသည် အမေရိကန်ရှိ ဦးအောင်သောင်း၏ပိုင်ဆိုင်မှုကို ထိန်းချုပ်ထားခြင်းမည်သည်ဖြစ်ကြောင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ဦးအောင်သောင်းနှင့် ပေါင်းစပ်ဆက်သွယ်၍ မရရှိနိုင်ကြောင်း ဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဦးအောင်သောင်းအပေါ် ထိန်းချုပ်ပိတ်ဆို့သည့် Sanction ကို အကြောင်းပြုပြီး ပြည်တွင်း ပုဂ္ဂိုလ်တချို့က ဦးအောင်သောင်းအပေါ် အာဃာတစိတ်ထားဖြင့် အခြေအမြစ်မရှိသော သတင်း အချက်အလက်များဖြင့် စွပ်စွဲပုတ်ခတ် ဝေဖန်ရေးသားဖော်ပြကြသည်ကိုလည်း တွေ့ရပါတယ်။ အဲ့ဒီလို ရေးသားခြင်းအားဖြင့် ဦးအောင်သောင်းအပေါ် လေးစားမှုပျက်အောင်၊ အကြည်ညိုပျက်အောင်၊ ထောက်ခံမှု၊ ဆက်ဆံမှုပျက်အောင် ဖြစ်နိုင်သည့်အပြင် ဦးအောင်သောင်းပါဝင်သော အဖွဲ့အစည်းများ၊ ဌာနများ၊ မဲဆန္ဒရှင်ပြည်သူများရဲ့ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေနိုင်ခဲ့ပါတယ်။ အမေရိကန် ဘဏ္ဍာရေးဌာနရဲ့ ဦးအောင်သောင်းအပေါ် စွပ်စွဲချက်ဟာ လုံးဝအခြေအမြစ်မရှိပါဘူး။ မှန်ကန်မှုလည်း မရှိပါဘူး။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးမှာ ဦးအောင်သောင်းအနေဖြင့် ပါတီဘက်ကရော၊ လွှတ်တော်ကရော အောင်မြင်အောင်ဦးဆောင်နေသူတစ်ဦးအဖြစ် ပါဝင်ပြီး ဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါတယ်။ လက်တွေ့ဆောင်ရွက်ချက်နှင့် စွပ်စွဲချက်ဟာ များစွာကွဲလွဲနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီလိုလားသူများ၊ ပြုပြင်ပြောင်းလဲရေးလိုလားသူများကို ဟန့်တားနှောင့်ယှက်သည်ဆိုသည်မှာလည်း လုံးဝမမှန်ကန်ပါဘူး။ Madam J.Szubin ကို မေးခွန်းတစ်ခု လောက်တော့မေးချင်ပါတယ်။ အပြုသဘောဆောင် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို မသိချင်ယောင်ဆောင်နေပါသလားလို့ ကျွန်တော့်အနေနဲ့ မေးခွန်းတစ်ခုကိုမေးလိုပါတယ်။ အကျင့်ပျက်ခြစားမှုကလည်း လုံးဝမရှိပါဘူး။ လုပ်လည်းမလုပ်ပါဘူး။ ဦးအောင်သောင်းဟာ အမေရိကန်နိုင်ငံ အပါအဝင် မည်သည့်နိုင်ငံအတွင်းမှ ပိုင်ဆိုင်မှုမရှိပါဘူး။ ဘဏ်အပ်နှံငွေလည်း တစ်ပြားတစ်ချပ်မှ မရှိပါဘူး။ အမေရိကန်လိုနိုင်ငံကြီးက လူ့အခွင့်အရေးနှင့်ဒီမိုကရေစီအရေးကို အလေးထားပါတယ်ဆိုသော်လည်း လူတစ်ယောက်ကို မမှန်မကန်စွပ်စွဲရာရောက်သည်ကို စဉ်းစားသင့်ပါတယ်။ တစ်စုံတစ်ယောက်သောသူရဲ့ အခိုင်အမာမရှိ သတင်းပေးမှု၊ တိုက်တွန်းမှုတွေကြောင့် ယခုကဲ့သို့ဖြစ်ရပ်မျိုး မလုပ်သင့်ပါဘူး။ မည်သူသည် စနစ်တကျလုပ်တယ်။ မည်သူသည် ပရမ်းပတာစည်းမဲ့ကမ်းမဲ့လုပ်တယ်။ ရာထူးအာဏာမက်မော၍ မည်သူလုပ်သည်ကို ဆန်းစစ်ဖို့လိုအပ်ပါတယ်။ ဦးအောင်သောင်း

အနေဖြင့် အသက်အရွယ်အားဖြင့်သော်လည်းကောင်း ရာထူးယူဖို့၊ အာဏာယူဖို့ ရည်ရွယ်ချက် မရှိပါဘူး။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ် အောင်မြင်ရေး၊ ဆင်းရဲချို့တဲ့နေသော ပြည်သူတစ်ရပ်လုံးရဲ့ စီးပွားရေးတိုးတက်မှုကိုသာ အားသွန်ခွန်စိုက်ကြိုးပမ်းနေသူတစ်ဦးဖြစ်ပါတယ်။ သဘောထားတင်းမာသူဖြစ်တယ်လို့ စွပ်စွဲချက်ဟာလည်း လုံးဝမမှန်ကန်ပါဘူး။ တိုင်းပြည်အတွက်၊ ပြည်သူ့အတွက် ကောင်းသောအကျိုးစီးပွားဖြစ်ထွန်းစေဖို့ နိုင်ငံရေးပါတီပေါင်းစုံနှင့် သဟဇာတဖြစ်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်ကို ပကတိတွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီလို ဦးအောင်သောင်းရဲ့ တကယ့်ဖြစ်ရပ်မှန်နှင့်ဆန့်ကျင်ပြီး စွပ်စွဲခြင်းသည် ဦးအောင်သောင်းရဲ့ အဖွဲ့အစည်းကိုသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကိုသော်လည်းကောင်း၊ တစ်ခဲနက်ထောက်ခံသော မဲဆန္ဒရှင်ပြည်သူများကိုလည်းကောင်း ဂုဏ်သိက္ခာထိခိုက်စေသည့်အပြင် ယုံကြည်လေးစားမှုထိခိုက်စေသည့်အတွက် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဦးအောင်သောင်းအပေါ် တားမြစ်ပိတ်ဆို့မှုဆိုင်ရာထုတ်ပြန်ချက်သည် မှန်ကန်မှုမရှိပါသဖြင့် ဤလွှတ်တော်မှ ကန့်ကွက်ပေးပါရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသည့် မဟုတ်မမှန်သော သတင်းပေးသူနှင့် သတင်းပေးမှုများကိုလည်း ရှုတ်ချပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာအရေးကြီးအဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့်စပ်လျဉ်းသည့် အမေရိကန်ပြည်ထောင်စု၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ပပိုင်ဆိုင်မှုများထိန်းချုပ်ရေးရုံး၏ ပိတ်ဆို့ကန့်သတ်ခံရသူများစာရင်းတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့မှစ၍ ထည့်သွင်းလိုက်ကြောင်း ထုတ်ပြန်ချက်သည် လုံးဝမမှန်ကန်ကြောင်း၊ လက်တွေ့ဘဝဖြစ်ရပ်နှင့် လုံးဝဆန့်ကျင်နေသည့် မမှန်မကန်စွပ်စွဲထားချက်များသာဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်၏ သတင်းပေးတောင်းဆိုချက်ကြောင့် ဖြစ်နိုင်ပါ

ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံက ထုတ်ပြန်ကြေညာချက်သည် မှန်ကန်မှု မရှိပါ၍ ဤလွှတ်တော်မှကန့်ကွက်ပေးပါရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေသည့် မဟုတ်မမှန်သတင်းပေးသူများနှင့် သတင်းပေးမှုများကိုလည်း ရှုတ်ချပေးပါရန် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးတင်မောင်ဝင်း တင်သွင်းသွားတဲ့အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်မောင်ဝင်း တင်သွင်းတဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၄-၁၀-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက တင်သွင်းသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေကြမ်းအား ၂၂-၁၀-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

၂။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေး ကျင်းပပြုလုပ်ချိန်များတွင် ဥပဒေပြုရေးနှင့် လွှတ်တော်ရေးရာတာဝန်များကို ထမ်းဆောင်နေရသည့်အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ် များဆိုင်ရာဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၈ တို့တွင် ပြဋ္ဌာန်းထားသည့် တည်းခိုနေထိုင်စရိတ်၊ အခြားအသုံး စရိတ်နှင့် စားသောက်စရိတ်များကို ခံစားခွင့်ရရှိကြောင်း၊ သို့ရာတွင် အဆိုပါစရိတ်ခွင့်ပြုငွေနှုန်းထား များသည် ခေတ်ကာလနှင့်ကိုက်ညီခြင်းမရှိသည့်အတွက် ခေတ်ကာလနှင့်လျော်ညီသော တည်းခို နေထိုင်စရိတ်၊ အခြားအသုံးစရိတ်နှင့် စားသောက်စရိတ်တို့ကို ခံစားခွင့်ရရှိနိုင်ရန်အတွက် လိုအပ် သဖြင့် ဤဥပဒေကြမ်းကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအဖြစ် တင်သွင်းခြင်းဖြစ်ကြောင်း ကျိုးကြောင်းဖော်ပြရှင်းလင်းထားသည်ကို လေ့လာတွေ့ရှိရပါတယ်။

**မူကြမ်း**

၃။ ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့လာသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်အစည်းအဝေး၌ စတင်ဆွေးနွေး၍ ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီက တင်သွင်းသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းပါ အချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့သော ဥပဒေကြမ်းတွင် တပေါင်းတည်း ဆွေးနွေးဆောင်ရွက်လျှင် ပိုမိုရှင်းလင်းပြည့်စုံသော ဥပဒေတစ်ခု ပေါ်ထွက်လာမယ် ဖြစ်ပါတယ်။

၅။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီက တင်သွင်းသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို သီးသန့်ဆွေးနွေးခြင်းမပြုရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ ဘဏ္ဍာရေးဝန်ကြီးဌာနက ပေးပို့တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၁၆-၆-၂၀၁၄ ရက်နေ့က လွှတ်တော်မှာ အစီရင်ခံစာ တင်သွင်းပြီးဖြစ်ကာ ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနကတင်သွင်းထားတဲ့ ဥပဒေကြမ်းနှင့်

ယခုအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်သွင်းတဲ့ ဥပဒေကြမ်းတို့ကို တပေါင်းတည်းဆွေးနွေးခြင်းက ပိုမိုရှင်းလင်းပြည့်စုံတဲ့အတွက် ဥပဒေတစ်ခု ထွက်ပေါ်လာမယ်လို့ ယူဆပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ဒါကြောင့် ၁၆-၆-၂၀၁၄ ရက်နေ့က အစီရင်ခံစာဖတ်ကြားပြီးဖြစ်သော ဥပဒေကြမ်းနှင့် ယခုဥပဒေကြမ်းကို တပေါင်းတစည်းတည်း ဆွေးနွေးမည်ဖြစ်၍ ယခုဥပဒေကြမ်းကို သီးခြားဆက်လက်ဆွေးနွေးခြင်းမပြုရန်အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် ယခုအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်သွင်းတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို သီးခြားဆွေးနွေးခြင်းမပြုကြောင်း အတည်ပြုကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့တဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ၂၂-၁၀-၂၀၁၄ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးပြီး ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၇-၁၀-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်း ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်

အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် သည် ၎င်းဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနဲ့ ယနေ့ အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]